မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၀

မေ ၂၀၂၄

## ယန္တရားအကြီးအကဲ၏ အမှာစာ



မြန်မာပြည်၏ ဆိုးရွားသောသမိုင်းမှတ်တိုင်တစ်ခု ဖေဖော်ဝါရီလတွင် ဖြစ်ခဲ့သည်။ စစ်တပ်က တိုင်းပြည်၏ ရွေးကောက်ခံအစိုးရကို ဖယ်ရှားခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ ဤသုံးနှစ်တာကာလအတွင်း စစ်အစိုးရကို ရဲရဲရင့်ရင့် ဆန့်ကျင်ကန့်ကွက်ကြသူများသည် အကြမ်းဖက်နှိမ်နင်းခံရသည်။ နိုင်ငံရေးအတိုက်အခံများနှင့် သတင်းထောက်များအပါအဝင် လူပေါင်းထောင်နှင့်ချီ၍ ဥပဒေမဲ့ ထိန်းသိမ်းခံထားရသည်။ အကျဉ်းသားအများအပြားသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် နှိပ်စက်ညှဥ်းပန်းမှုများနှင့် ဖိနှိပ်ဆက်ဆံမှုများ ခံနေရကြောင်း ခိုင်လုံသော ပေးပို့ချက်များ ကျွန်တော်တို့ လက်ခံရရှိထားသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက်၊ အောက်တိုဘာလနှောင်းပိုင်းမှစ၍ မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများတွင် အကြမ်းဖက်မှုများ သိသိသာသာပြင်းထန်လာသည်။ ယန္တရားသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို ဆက်လက်စုဆောင်းနေသည်။ ၎င်းတို့တွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများသေဆုံးခြင်း၊ ဖမ်းဆီးထားသူများကို အရှင်လတ်လတ် မီးရှို့ခြင်း၊ အစုလိုက် အပြုံလိုက် သေဒဏ်ပေးခြင်း၊ ကိုယ်ခန္ဓာများကို ဖြတ်တောက်ခြင်းနှင့် မလျော်မကန်ပြုခြင်း၊ ရွာများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ အမျိုးသမီး၊ အမျိုးသား၊ ယောကျ်ားလေးနှင့် မိန်းကလေးများကို မုဒိမ်းကျင့်ခြင်း၊ အခြားလိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကျူးလွန်ခြင်းတို့ ပါဝင်သည်။


စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို နိုင်ငံအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးစုအားလုံးအပေါ်၌ ကျူးလွန်နေသည်ဆိုသည့် သတင်းပေးပို့ချက်အသစ်များကို ကျွန်တော်တို့ နေ့စဉ်နီးပါး လက်ခံရရှိသည်။ ယန္တရားသည် ဤဖြစ်စဉ်အသစ်များ ဖြစ်ပျက်နေချိန်မှာ ခြေရာခံနေပြီး၊ အထောက်အထားများ မပျောက်ပျက်မပျောင်းနွမ်းခင် စုဆောင်းနေသည်။ တစ်ချိန်တည်းမှာပင်၊ အစောပိုင်းက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ၊ အထူးသဖြင့် ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုလည်း ဆက်လက်စုံစမ်းစစ်ဆေးသည်။ အိုင်စီဂျေရှိ တရားစွဲဆိုမှုသည် အရေးပါသောအဆင့်သို့ ရောက်ရှိနေပြီး၊ အိုင်စီစီသည်လည်း စုံစမ်းစစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်နေသည်။ လာမည့်လများတွင် သက်ဆိုင်ရာတရားရေးအာဏာပိုင်များထံ ယင်းအမှုများနှင့်ဆက်စပ်သည့် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ ဆက်လက် ပံ့ပိုးသွားမည်ဖြစ်သည်။

ကျွန်တော်တို့၏ စိစစ်သုံးသပ်ချက်အများစုကို လျှို့ဝှက်စွာထားရှိသော်လည်း၊ မကြာသေးမီက **စိစစ်သုံးသပ်ချက် အစီရင်ခံစာနှစ်စောင်**ကို ခြွင်းချက်အနေဖြင့် လူထုထံထုတ်ပြန်ခဲ့သည်။ ယင်းတို့မှာ ဖေ့စ်ဘုတ်တွင် ရိုဟင်ဂျာများကိုတိုက်ခိုက်သည့် အမုန်းစကားများ ဖြန့်ဝေရာတွင် မြန်မာစစ်တပ်၏ ပါဝင်မှုကဏ္ဍအကြောင်း အစီရင်ခံစာနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရိုဟင်ဂျာများကို လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာအာဏာပိုင်များ၏ တုံ့ပြန်ဆောင်ရွက်ပုံအကြောင်း အစီရင်ခံစာများဖြစ်သည်။ ထိုအစီရင်ခံစာများသည် မြန်မာနိုင်ငံရှိ တာဝန်ခံယူမှုဖြစ်ထွန်းရေးလုပ်ဆောင်နေသူများ၏ စုပေါင်းအားထုတ်မှုကို မြှင့်တင်ရာတွင် အသုံးဝင်နိုင်သည်။

မြန်မာနိုင်ငံတွင် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှု အရေအတွက်တိုးလာနေသည်။ ထို့အတူ ကျူးလွန်သူများ၏ ရာဇဝတ်မှုအထောက်အထားများလည်း တိုးလာသည်။ ယန္တရား၏ သုံးသပ်သူများ၊ စုံစမ်းစစ်ဆေးသူများနှင့် ရှေ့နေများသည် ရာဇဝတ်မှုများအား အမိန့်ပေးစေခိုင်းသူများနှင့် ၎င်းတို့၏ကွပ်ကဲမှုအောက်တွင် ကျူးလွန်ခဲ့သောပြစ်မှုများကို အပြစ်ပေးရန်ပျက်ကွက်မှုများအပါအဝင် မည်သူ့ထံတွင် တာဝန်ရှိသည်ကို ဖော်ထုတ်နိုင်သည့် အချက်အလက်များကို စုဆောင်းနေသည်။ ယန္တရားသည် တရားရုံးတွင် ဤသက်သေအထောက်အထားများ တင်ပြနိုင်မည့်နေ့ရက်ဆီသို့ ဦးတည်ဆောင်ရွက်နေပြီး၊ ကျူးလွန်သူများသည် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ယူဖြေရှင်းရမည်ဖြစ်သည်။

**နီကိုလတ်စ် ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း




ယနေ့အထိ၊ ယန္တရားသည် လူတစ်ဦးချင်း၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားမိတ်ဖက် ၈၀၀ ကျော်ထံမှ အချက်အလက်ပေါင်း ၂၈ သန်းနီးပါးရှိ စုဆောင်းရရှိထားပြီး ပမာဏများပြားလှသော အကြောင်းအရာမျိုးစုံကို စိစစ်သုံးသပ်ရန်ရှိသည်။ ယင်းတို့တွင် ဓာတ်ပုံများ၊ ဗီဒီယိုများ၊ မြေပုံများ၊ ဆိုရှယ်မီဒီယာပို့စ်များ၊ NGO နှင့် ကျွမ်းကျင်သူများ၏ ပဋိပက္ခဆိုင်ရာ အထူးတင်ပြချက်များ၊ ငွေကြေးဆိုင်ရာ အချက်အလက်များ၊ သက်သေထွက်ဆိုချက်များနှင့် အခြားသော အချက်အလက်များ ပါဝင်သည်။

ယန္တရားသည် အသက်ရှင်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများနှင့် ထွက်ပြေးလာသူများထံမှ သက်သေထွက်ဆိုချက်များ တိုးမြှင့်စုဆောင်းခဲ့ပြီး ၂၀၂၃ နှစ်ကုန်အထိ သက်သေထွက်ဆိုချက်နှင့် စစ်ဆေးမှုပေါင်း ၃၂၇ ခု ပြုလုပ်ခဲ့သည်။

ယန္တရား၏ အထောက်အထားစုဆောင်းရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာအရေးကြီးသည်။ အချို့နိုင်ငံများ၏ နယ်မြေတွင်းရှိ သက်သေများကို ဝင်ရောက်အင်တာဗျူးခွင့်၊ အချို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များ လက်ခံရရှိရေးအပါအဝင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် ၃၅ ခုကို ညှိနှိုင်းပြီး ဖြစ်သည်။

**၈၀၀**

ရင်းမြစ်ပေါင်း ၈၀၀ ကျော်ထံမှ အချက်အလက်များ စုဆောင်းရရှိခဲ့သည်။

**၃၅**

ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ပေါင်း ၃၅ ခု ညှိနှိုင်းစီစဉ်ခဲ့သည်။

**၃၂၇**

သက်သေထွက်ဆိုချက် နှင့်စိစစ်မှုပေါင်း ၃၂၇ ခု ပြီးစီးခဲ့သည်။

## အချက်အလက်များ မျှဝေခြင်း

အိုင်စီဂျေ၊ အိုင်စီစီနှင့် အာဂျင်တီးနားရှိ လက်ရှိစုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများကို ပံ့ပိုးပေးရန် အချက်အလက်နှင့် စိစစ်သုံးသပ်ချက်များမျှဝေခြင်းကို အဓိက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင်၊ ယန္တရားသည် အချက်အလက် ၅၀၀၀၀ နီးပါးပါဝင်သည့် အထောက်အထားနှင့်စိစစ်သုံးသပ်ချက်အတွဲပေါင်း ၂၇ တွဲကို သက်ဆိုင်ရာအာဏာပိုင်များနှင့် မျှဝေခဲ့သည်။

၂၀၂၄ ခုနှစ်သည် အိုင်စီဂျေရှိ ဂမ်ဘီယာနှင့်မြန်မာအမှုကို ရုံးတော်က စဉ်းစားသုံးသပ်ရန်အတွက် နှစ်ဖက်နိုင်ငံများက တင်ပြချက်များ ပေးပို့မည်ဖြစ်သောကြောင့် အရေးကြီးသည့်နှစ်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင်၊ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများကိုယ်စား ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် အပြစ်ပေးရန် ပျက်ကွက်ခဲ့ပြီး လူမျိုးပြုန်းစေမှုကာကွယ်ရေးဆိုင်ရာစာချုပ်အရ လိုက်နာရမည့် ဝတ္တရားလစ်ဟင်းခဲ့သည်ဆိုသည့် စွပ်စွဲချက်ဖြင့် စတင်တရားစွဲဆိုခဲ့သည်။ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ မော်လ်ဒိုက်၊ နယ်သာလန်နှင့် ဗြိတိန်တို့သည် ၂၀၂၃ ခုနှစ်တွင် ကြားဝင်ဆောင်ရွက်မည့် ကြေညာချက် တင်သွင်းခဲ့သည်။ ဆိုလိုသည်မှာ ထိုနိုင်ငံများသည် ဤအမှုတွင် တရားဥပဒေကြောင်းအရ ငြင်းခုံမှုများ တင်သွင်းနိုင်မည်ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံ၏ စွဲဆိုချက်များကို မြန်မာဘက်က ပြန်လည်ချေပထားပြီး ယင်းချေပချက်အား ဂမ်ဘီယာနိုင်ငံက ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်နေ့ နောက်ဆုံးထားပြီး တဖန်ပြန်လည်တုံ့ပြန်ရမည်ဖြစ်သည်။ ထိုနည်းတူ၊ မြန်မာဘက်ကလည်း ဂမ်ဘီယာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်တုံ့ပြန်ရမည်။ အမှု၏အရေးပါသည့်အဆင့်ဖြစ်လာသောကြောင့် ယန္တရားသည် သက်ဆိုင်ရာအာဏာပိုင်များထံ နောက်ထပ် အထောက်အထားများ၊ စိစစ်သုံးသပ်ချက်များနှင့် အခြားအချက်အလက်များ မျှဝေမှုကို အရှိန်မြှင့်ခဲ့သည်။

## စိစစ်သုံးသပ်ချက် အစီရင်ခံစာများ

အမှုစစ်ဆေးစီရင်မှုနှင့် တရားစွဲဆိုမှုလုပ်ဆောင်နိုင်သည့် တရားရေးအာဏာပိုင်များအတွက် ပြုစုထားသော အစီရင်ခံစာနှစ်စောင်ကို ယန္တရား၏ ဝဘ်ဆိုဒ်တွင် ထုတ်ပြန်ထားသည်။ အစီရင်ခံစာသည် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာဆန့်ကျင်ရေး အမုန်းစကားများ စနစ်တကျဖြန့်ဝေလှုံ့ဆော်သည့် မြန်မာစစ်တပ်၏ လျှို့ဝှက်ဖေ့စ်ဘုတ်ကွန်ရက်အကြောင်းနှင့်၊ ရိုဟင်ဂျာများကို လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများ ကျူးလွန်သည်ဆိုသည့် စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာအာဏာပိုင်များက စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့သည့်အကြောင်း ဆန်းစစ်သည်။ ဤစိစစ်သုံးသပ်ချက်များသည် ရိုဟင်ဂျာနှင့်ပတ်သက်ပြီး လက်ရှိအမှုစစ်ဆေးဆဲ သက်ဆိုင်ရာတရားရေးအာဏာပိုင်များထံ မျှဝေပေးခဲ့သည့် သုံးသပ်ချက်များ၏ အစိတ်အပိုင်းငယ်တစ်ခုသာဖြစ်သည်။ အစီရင်ခံစာများကို အနာဂတ်စုံစမ်းစစ်ဆေးရေးအခွင့်အလမ်းများကိုထိန်းသိမ်းရန်နှင့် သက်သေများ၊ သတင်းရင်းမြစ်များနှင့် လူပုဂ္ဂိုလ်များ၏ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ရန် အချက်အလက်တချို့ကိုတည်းဖြတ်ပြီး ထုတ်ပြန်ထားသည်။

## ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ

ယန္တရား၏လုပ်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများနှင့်ပတ်သက်သည့် ငွေကြေးအချက်အလက်နှင့် အထောက်အထားများ စုဆောင်းပြီး စိစစ်သုံးသပ်သည့် လုပ်ငန်းစဉ်ကို စုံစမ်းစစ်ဆေးမှုအားလုံးတွင် ထည့်သွင်းပေါင်းစပ်ထားသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုများကို ပံ့ပိုးကူညီသူများ သို့မဟုတ် အဆိုပါရာဇဝတ်မှုများမှ အကျိုးအမြတ်ဖြစ်ထွန်းသူများ၏ ရရှိငွေများ၊ မြေယာအိုးအိမ်များနှင့် ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်းသည် ကျူးလွန်သူများအား ခြေရာခံနိုင်ပြီး တရားစွဲဆိုမှုများ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ယန္တရား၏ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးသူများသည် လက်နက်အထောက်အပံ့ကွင်းဆက်များအပြင် လူတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများနှင့် အကျိုးစီးပွားအုပ်စုများကြားရှိ ကွန်ရက်များနှင့် ချိတ်ဆက်မှုများကို စစ်ဆေးနေသည်။ ရိုဟင်ဂျာများ၏ မြေယာ၊ အိုးအိမ်များနှင့် စီးပွားရေးလုပ်ငန်းများကို ဖျက်ဆီးသိမ်းယူမှုများ၊ ရခိုင်ပြည်နယ်ရှိ စာသင်ကျောင်း၊ ဗလီနှင့် အခြား ယဉ်ကျေးမှုအမွေအနှစ်များကို ဖျက်ဆီးသည့် လုပ်ရပ်များကိုလည်း စုံစမ်းစစ်ဆေးနေသည်။ ယင်းတို့အနက် ရိုဟင်ဂျာများ၏ မြေယာနှင့်ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ အဓမ္မသိမ်းယူခြင်း၊ အခြားနည်းများဖြင့်သိမ်းယူခြင်းကို စနစ်ချလုပ်ဆောင်သည့်ပုံစံများအား ဖော်ထုတ်စုံစမ်းသည်။ ထို့အပြင် ရိုဟင်ဂျာအသိုင်းအဝိုင်းက ပိုင်ဆိုင်သောမြေနေရာများတွင် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်နေမှုများကို စုံစမ်းစစ်ဆေးရာတွင် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကိုလည်း ဖော်ထုတ်သည်။

# လူထုဆက်ဆံရေးလုပ်ငန်း

တရားမျှတမှုရရှိရေးအကြောင်းစိတ်ဝင်စားသည့် အလွှာစုံက မြန်မာလူထုအတွက် ယန္တရား၏ ရှုပ်ထွေးသောလုပ်ငန်းနှင့် လုပ်ပိုင်ခွင့်များအကြောင်းကို **ဝက်ဘ်ဆိုဒ်**၊ **ဖေ့စ်ဘုတ်**၊ မီဒီယာအင်တာဗျူးများနှင့် စာစောင်များမှတဆင့် တင်ပြလျက်ရှိသည်။ **လူထုဆက်သွယ်ရေးစာစောင်များ**ကို အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် ဖတ်ရှုနိုင်ပြီး ရိုဟင်ဂျာနှင့်အခြားတိုင်းရင်းသားစကားများဖြင့်လည်း စီစဉ်လျက်ရှိသည်။

## သရုပ်ဖော်ဇာတ်လမ်းများ

ယန္တရားဆိုတာ ဘာလဲ၊ ယန္တရားက ဘယ်လိုအလုပ်လုပ်သလဲ၊ ယန္တရားထံ လုံခြုံစွာ ဘယ်လိုဆက်သွယ်မလဲ။ ဤမေးခွန်းများကို ရိုးရိုးရှင်းရှင်း သရုပ်ဖော်ပုံများဖြင့် ရှင်းပြထားသည့် ဇာတ်လမ်းအသစ်သုံးပုဒ်ကို ယန္တရား၏ **ဝဘ်ဆိုဒ်**တွင် အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် ဒေါင်းလုဒ်ရယူနိုင်သည်။ ယင်းတို့ကို တာဝန်ခံယူမှု ရရှိရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပါအဝင် ယန္တရား၏လုပ်ငန်းအကြောင်းကို စိတ်ဝင်စားသူများထံလည်း မျှဝေထားသည်။

## ပေါ့ဒ်ကတ်စ်

ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများ၏ လက်ရှိအခြေအနေအကြောင်း၊ တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လုပ်ဆောင်ရာတွင် ယန္တရား၏လုပ်ပိုင်ခွင့် ပြောင်းလဲလာပုံများအကြောင်းကို ပေါ့ဒ်ကတ်စ်အစီအစဉ်တွင် အင်္ဂလိပ်နှင့်မြန်မာဘာသာ နှစ်ဘာသာဖြင့် တင်ပြခဲ့သည်။ **Spotify** ရှိ Asia Matters နှင့် ဒို့အသံ **ဖေ့စ်ဘုတ်** စာမျက်နှာတို့တွင် နားဆင်ပါ။









## ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်သည့် ရာဇဝတ်မှုများကို ယန္တရားက စုံစမ်းစစ်ဆေးသလား။

ယန္တရား၏လုပ်ပိုင်ခွင့်မှာ မြန်မာနိုင်ငံပိုင်နက်အတွင်း ၂၀၁၁ ခုနှစ်နောက်ပိုင်း ကျူးလွန်ခဲ့သည့် "အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှု" များကို မည်သူက ကျူးလွန်သည်ဖြစ်စေ၊ မည်သည့်လူမျိုး၊ ဘာသာ သို့မဟုတ် လူမျိုးစုက ကျူးလွန်ခံရသည်ဖြစ်စေ မခွဲခြားဘဲ စုံစမ်းစစ်ဆေးရန်ဖြစ်သည်။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများတွင် လူမျိုးပြုန်းစေမှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ပါဝင်သည်။

ယန္တရားသည် ပစ်ခတ်တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော်လည်း စစ်တပ်အာဏာပိုင်များဘက်မှ ပူးပေါင်းဆောင်ရွက်သူများ သို့မဟုတ် သတင်းပေးသူဟု သံသယရှိသူများအား သတ်ဖြတ်ခြင်း သို့မဟုတ် ဖမ်းဆီးထားစဉ် ညှဉ်းပန်းနှိပ်စက်ခြင်းများအကြောင်း ယုံကြည်စိတ်ချရသည့် အချက်အလက်များ ရရှိထားသည်။ လက်နက်ကိုင်တပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းထားသည့် မြန်မာစစ်တပ်၏စစ်သားများကို နှိပ်စက်ညှဉ်းပန်းသည့် အချက်အလက်အချို့ကိုလည်း လက်ခံရရှိသည်။ စစ်မက် ဥပဒေများအရ တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမပြုရပါ။ ထို့အပြင်၊ ဂျီနီဗာကွန်ဗန်းရှင်း သဘောတူညီချက်အရ၊ ပဋိပက္ခအတွင်း ဖမ်းဆီးထားသည့် အရပ်သားဖြစ်စေ၊ တိုက်ပွဲဝင်သူဖြစ်စေ၊ မည်သူ့ကိုမဆို လူသားဆန်စွာ ဆက်ဆံရမည်ဖြစ်ပြီး တရားမျှတစွာ အမှုစစ်ဆေးခြင်းမရှိဘဲ ကွပ်မျက်ခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်း မပြုရပါ။ အကျဉ်းသားတစ်ဦးအား အမှုစစ်ဆေးခြင်းမရှိဘဲ သတ်ဖြတ်ခြင်းသည် လူသတ်မှုမြောက်သည့် စစ်ရာဇဝတ်မှု ဖြစ်နိုင်သည်။

ယန္တရားသည် ထိုပေးပို့ချက်များအတွက် အလွန်စိုးရိမ်သည်။ ထို့ကြောင့် ယင်းစွပ်စွဲချက်များနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းနေပြီး ထိုဖြစ်ရပ်များသည် ယန္တရား၏လုပ်ပိုင်ခွင့်အတွင်းရှိ "အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှု" တစ်ခုဖြစ်၊ မဖြစ် ဦးစွာသုံးသပ်မည်။ ထို့နောက် အမှုတစ်ခုချင်းအလိုက် နောက်ထပ်စုံစမ်းစစ်ဆေးမှုများ လုပ်၊ မလုပ် ဆုံးဖြတ်မည်။

## ယန္တရားက ကြီးလေးသောနိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ အထောက်အထားများစွာကို စုဆောင်းထားသည် ဆိုပါက ဘာကြောင့် မည်သူ့ကိုမှ ဖမ်းဆီးပြီး တရားစွဲဆိုခြင်းမပြုသေးတာလဲ။

ယန္တရားသည် မြန်မာနိုင်ငံတွင်း ကျူးလွန်သော ကြီးလေးသည့်နိုင်ငံတကာရာဇဝတ်မှုများကို အမိန့်ပေးစေခိုင်းသူများနှင့် တာဝန်ရှိသူများကို တရားစွဲအရေးယူနိုင်ရန် အမှုတွဲဖိုင်များ တည်ဆောက်ရာတွင် ရာနှင့်ချီသော ရင်းမြစ်များမှ အချက်အလက်နှင့် အထောက်အထားများ စုဆောင်းစိစစ်သုံးသပ်နေသည်။ ယန္တရားသည် စုံစမ်းစစ်ဆေးမှုများကို တတ်နိုင်သမျှ မြန်ဆန်စွာဆောင်ရွက်ပြီးစီးရန် လုပ်ဆောင်သည်။ သို့သော်လည်း ရှုပ်ထွေးသောရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အချိန်ယူရသည်။ သီးခြားရာဇဝတ်မှုများနှင့် ချိတ်ဆက်သည့် ကျူးလွန်သူတစ်ဦးချင်းစီ၏ အချက်အလက်များကို စုဆောင်း၊ အတည်ပြုပြီးမှ စိစစ်သုံးသပ်ရသည်။ တရားရုံးတွင် တင်သွင်းအသုံးပြုနိုင်ရန် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အမြင့်ဆုံး သက်သေခံအထောက်အထား စံချိန်ပြည့်မီရန် စုံစမ်းစစ်ဆေးမှုများကို အလွန်ဂရုတစိုက် လုပ်ဆောင်ရသည်။

ယန္တရားသည် ရဲတပ်ဖွဲ့၊ တရားရုံး၊ သို့မဟုတ် တရားစွဲဆိုသူ မဟုတ်ပါ။ လူပုဂ္ဂိုလ်တစ်ဦးဦးအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် ရုံးတင်စစ်ဆေးခြင်း မပြုလုပ်နိုင်ပါ။ မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် ရာဇဝတ်မှုကျူးလွန်သူများကို အမှုဖွင့်တရားစွဲရန်မှာ တရားစွဲဆိုနိုင်သည့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ တရားရုံးများနှင့် ခုံရုံးများ၏ ဆန္ဒပေါ်မူတည်သည်။

ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး လက်ရှိစစ်ဆေးဆဲအမှုများနှင့် သက်ဆိုင်သည့် အထောက်အထားများကို အိုင်စီဂျေ၊ အိုင်စီစီ၊ နှင့် အာဂျင်တီးနားတရားရုံးများထံ မျှဝေထားပြီးဖြစ်သည်။ ယန္တရားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများကိုလည်း စုံစမ်းစစ်ဆေးနေပြီး တရားစွဲဆိုမည့် နောက်ထပ်တရားရေးအာဏာပိုင်များကို ပံ့ပိုးပေးရန် အဆင်သင့်ရှိနေပါသည်။